## (၂၃-၄-၂၀၂၁) မှ (၂၉-၄-၂၀၂၁)ထိ ဆန်ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ လေ့လာ သုံးသပ်တင်ပြခြင်း

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၈ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၈ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ်ဆန်၊ ညှော့မထ (၅ %) ဆန်၊ ညှော့မထ (၂၅ %) ဆန်ဈေးများနှင့် ပါကစ္စတန်တွင် ညှော့မထ (၅ %) နှင့် ညှော့မထ (၂၅ %) ဆန်ဈေးနှုန်းများမှာ ကျဆင်းနေခဲ့သည်ကို သိရှိရပါသည်။ အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ တို့၏ ဆန်ဈေးနှုန်းများမှာလည်း ဈေးနှုန်းကျဆင်းခဲ့သည်ကို သိရှိရပါသည်။

၄။ ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Thai Rice Exporter Association တွင် ဖော်ပြချက်အရ ထိုင်းနိုင်ငံတွင် ယခင်နှစ်၏ ဆန်တင်ပို့မှု တန်ချိန် ၅.၇ သန်းထက် ပိုမို တင်ပို့နိုင်စေရေးအတွက် G to G စနစ်ဖြင့် ကမ္ဘာတစ်ဝှမ်းတွင် ထိုင်းဆန် အသုံးပြုမှု ပိုမိုကျယ်ပြန့်လာစေရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Jurin Laksanawisit က ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ၂၀၂၁ ခုနှစ်တွင် ရည်မှန်းချက် ပြည့်မီစေရန် ထိုင်းဆန် တင်ပို့မှုမှာ တစ်လလျှင် အနည်းဆုံး တန်ချိန် ၅ သိန်းခန့် တင်ပို့နိုင်ရမည် ဖြစ်သော်လည်း မိုးခေါင်ခြင်းနှင့် ထိုင်းဘတ်ငွေဈေး မြင့်တက်မှုများကြောင့် အခြား

ဆန်တင်ပို့သည့် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်း မြင့်မားနေသဖြင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆန်တင်ပို့မှု ကျဆင်းခဲ့ကြောင်း ထိုင်းဆန် တင်ပို့မှုအသင်း ဥက္ကဋ္ဌ Charoen Laothammatas က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၅။ ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံ အစိုးရချင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တန်းမြင့်ဆန် တန်ချိန် (၁) သိန်း တင်ပို့ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ တန်းမြင့်ဆန် တန်ချိန် (၁) သိန်း သင်္ဘောတင်ခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့၌ ရွှေပြည်သာ စက်မှုဇုန် (၃)၊ ရွှေမဲဆိပ်ကမ်းတွင် ဆောင်ရွက်နေပြီး ပြည်ပသို့ အချိန်တို အတွင်း ဆန်တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်း အဖွဲ့များ ပူးပေါင်းကာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၆။ လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဧပြီလ ၂၃ ရက်နေ့ အထိ (ယာယီ) စာရင်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၃၀) ကျော်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု ဆန် တန်ချိန် ၆၉၀၇၂၃.၀၉၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၉.၈၅၄ သန်း၊ ဆန်ကွဲ တန်ချိန် ၄၉၄၁၆၄.၈၃၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၇၂.၁၂၄ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့ နိုင်မှု တန်ချိန် ၁၁၈၄၈၈၇.၉၂၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၅၁.၉၇၈ သန်း ရရှိထားပြီး၊ ယခင်နှစ် ကာလတူတွင် ဆန်တန်ချိန် ၁၁၃၅၃၇၅.၁၅၃ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၄၆.၇၀၂ သန်း၊ ဆန်ကွဲတန်ချိန် ၅၈၈၄၆၅.၅၈၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၅၃.၇၃၄ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၇၂၃၈၄၀.၇၃၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၀၀.၄၃၆ သန်း ဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိ ရပါသည်။

၇။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၄၄၆၅၂.၀၆၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆.၈၄၉ သန်း တင်ပို့မှု လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဆန်ကွဲ တင်ပို့မှု တွင် တန်ချိန် ၉၄၃၀၀.၇၅၀ တန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈.၃၉၀ သန်း ပိုမိုခဲ့သည်ကို သိရှိရပါသည်။ ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံ နိုင်ငံသို့လည်း ဆန်ကွဲတင်ပို့နိုင်မှု မြင့်တက်ခဲ့ကြောင်း မြန်မာ နိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရှိရပါသည်။

၈။ မြန်မာ–တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၄၉ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၂၈၆၃၅ ကျပ်မှ ၂၉၈၈၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ–ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၅၀ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၉။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၄၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၁၀၀ ကျပ်၊ မကွေးမြို့တွင် ၁၆၀၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ပဲခူးမြို့တွင် ၁၂၀၀ ကျပ်၊ ဘားအံမြို့၊ မော်လမြိုင်မြို့နှင့် ပြည်မြို့တို့တွင် ၁၁၀၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၀။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁.၁၂ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ နောက်ဆုံးအပတ်တွင် နိုင်ငံတကာဆန် ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။